နောင်မွန်းကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်မွန်းကျေးရွာ၊ ကလေးဝမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

မာတိကာ

စကားချီး

နောင်မွန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား – မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆ - ၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ နောင်မွန်းကျေးရွာမှ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါ မှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါ သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
နောင်မွန်းကျေးရွာ၊ ကလေးဝမြို့နယ်

နောင်မွန်းကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ နောင်မွန်းကျေးရွာ၊နန်းပင်းကျေးရွာအုပ်စု၊ကလေးဝမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းရေးဆွဲခြင်းမှ ရယူ သည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။

ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက် များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့်

ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်း များကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်

ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

နောင်မွန်းကျေးရွာ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည် ကလေးဝမြို့၏ အရှေ့ဘက် (၂၀)မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်းကိုအဓိကထား၍ သွားလာကြပါသည်။ ကျေးရွာသည် ဒေသ၏ပျမ်းမျှအပူချိန် (၃၂˚) ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ် အရောင်းအဝယ်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ယာခင်းများ၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် ဟင်တင်ချောင်းရှိပြီး ၎င်းချောင်းမှ သဲ၊ကျောက်များ ရရှိအသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် လယ်ယာမြေ စိုက်ပျိုးဧက(၁၉၃)ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေများသည် စိုက်ပျိုးရေးလုပ်ငန်း ပြုလုပ်ရန်အတွက်

အဓိကအားထားရာ ဖြစ်ပါသည်။ ကျေးရွာ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေရရှိရန် မိုးရေကို သာအဓိကထားသုံးကြပါသည်။ မိုးရာသီ မိုးများချိန်တွင် ချောင်းရေတင်၍ ရေသွင်းစိုက်ပျိုးကြရပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမထွက်ရှိပါ။ ကျေးရွာတွင် အသုံးပြုကြသော ဆေးဖက်ဝင် အပင်မျိုးစိတ်များ အနည်းငယ်ရရှိနိုင်ပြီး ကြားကာလများတွင် ပြောင်းနှင့် သဘာဝန္တားစာများ ရရှိနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် သာရေး ၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်း(၂)ဖွဲ့ ၊ ဘာသာရေး အဖွဲ့အစည်း (၁)ဖွဲ့တို့ရှိကြပြီး ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများလည်း ဆောင်ရွက်ကြပါသည်။ ကျေးရွာ ၏ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများတွင်မူ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းများတွင် အမျိုးသား/ အမျိုးသမီး အဖွဲ့များဖွဲ့စည်း၍ တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ဌာနဆိုင်ရာများမှ ဖွဲ့စည်းပေးထားသော အခြားအဖွဲ့ အစည်းများ၏ လုပ်ဆောင်မှုများလည်း ကောင်းမွန်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာတွင် အလယ်အလတ်စားတောင်သူ (၄၅)ဦးရှိကာ မြေယာမဲ့ အိမ်ထောင်စု (၁၂)ဦးသည် အရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေပဲနှင့် မိုးစပါးတို့ကိုလည်း အဓိကသီးနှံများအဖြစ် စိုက်ပျိုးကြပြီး အကျိုးအမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက် တို့ကိုသာ တပိုင်တနိုင် မွေးမြူကြပြီး ငါးကန်နှင့်ကြက်ခြံလုပ်ငန်း လုပ်ကိုင်သူမရှိပါ။ ကျေးရွာတွင် နွားမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၃၈)စုရှိပြီး၊ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်း မဟုတ်သော

ရောင်း/ဝယ်လုပ်ငန်း လုပ်ကိုင်သူများနှင့် ကျပန်းလုပ်ကိုင်သူများ၏ ရပ်တည်နိုင်မှု ဝင်ငွေအခြေအနေသည်လည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှုမှာ (၁၉၃)ဧက ပိုင်ဆိုင်မှုရှိပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သော အမျိုးသားများသည် နေ့စားအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး ဝင်ငွေအခြေအနေမှာ နေ့စားခ(၈၀၀၀/-)ခန့် ရရှိနိုင်ပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးများသည် နေကြာ ခုတ်၊ မြေပဲနုတ်နှင့် စပါးရိတ် အငှားလိုက်ကြပြီး ဝင်ငွေ(၆၀၀၀/-)ခန့် ရရှိနိုင်ပါသည်။ ကျေးရွာတွင် နေထိုင်ကြသောအိမ်ထောင်စု(၃၂)စုခန့်သည် အလယ်အလတ်အဆင့် ရှိကြပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရောင်း/ဝယ်ရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ ကျေးရွာတွင် ကျား(၁၅၃)ဦး၊ မ(၁၅၃)ဦး ပေါင်း(၃၀၆)ဦးရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေ မှာ (၅.၄)ဦး နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာမှ (၂၀)မိုင်ခန့်ဝေးသော ကလေးဝမြို့သို့ သုံးဘီး၊ဆိုင်ကယ်များ အသုံးပြု၍ မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ပရိဘောဂပစ္စည်းနှင့် အဝတ်အထည်ပစ္စည်းများ သွားရောက်ဝယ်ယူကြရပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလသွားလာရန် ခက်ခဲပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ကျေးရွာဘုံ ဒီဇယ်အင်ဂျင်ကိုသာ အဓိကထား၍ အသုံးပြုကြပါသည်။ ကျေးရွာအနီးတွင် ဖုန်းတာဝါတိုင်ရှိသဖြင့် တယ်လီဖုန်းလိုင်းနှင့်အင်တာနက် ချိတ်ဆက်အသုံးပြုမှု ဆက်သွယ်ရေး အခြေအနေ အသင့်အတင့် ကောင်းမွန်ပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းကျောင်းရှိ၍ အထက်တန်းကျောင်းအား (၅)မိုင်ခန့် ဝေးသော တောင်အောက်ကျေးရွာနှင့် ကလေးဝမြို့သို့ သွားရောက်ပညာသင်ကြားကြရပါသည်။ စာသင်ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများရှိပြီး ကျောင်းသားမိဘများသည် ပညာရေးကို ဦးစားပေး ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လာပါက (၆)မိုင်ခန့်ဝေးသော မစိန်တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ (၂၀)မိုင်ခန့်ဝေးသော ကလေးဝမြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင် နေထိုင်သောသူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရာသီကူးပြောင်းချိန်၌ တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိပြီး သွေးတိုးရောဂါ၊ ၄က်ဖျားရောဂါများလည်း အနည်းငယ်ဖြစ်လေ့ရှိပြီး ဆီးချိုရောဂါ၊ အခြားကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနိမ့်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ ကာကွယ်ဆေးနှင့် မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများရှိပါသည်။ ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားခြင်းများလည်း ရံဖန်ရံခါ တွေ့ရတတ်ပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် တွင်းရေနှင့် မြစ်ရေချောင်းရေကိုသာ အဓိကထားသုံးစွဲကြရပါသည်။ ကျေးရွာတွင် အိမ်သာမရှိသော အိမ်ထောင်စုများမရှိဘဲ ရေလောင်းအိမ်သာနှင့် သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုကြပါ သည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မိုးနည်းလျှင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ရတတ်ပါသည်။ မိုးရာသီတွင် လယ်ကွင်းပြင်သို့ တစ်ခါတစ်ရံ ချောင်းရေများ ဝင်ရောက်လာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ မိုးဦးပိုင်းနှင့် မိုးနှောင်းပိုင်းများတွင် လေပြင်းတိုက်ခတ်မှုများ ရံဖန်ရံခါ

ရှိသော်လည်း လူနေအိမ်များ ပျက်စီးမှုမရှိပါ။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး စွန့်ပစ်အမှိုက်များကို အမှိုက်စွန့်ပစ်မြေနေရာ ဖြစ်သော ရွာဘေးတွင်ပစ်ခြင်း၊ မီးရှို့ပစ်ခြင်းများ ဆောင်ရွက်ကြပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်ပိုများပြီး အမျိုးသမီးများ၏ ဝင်ငွေရအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိပါ။ ကျေးရွာတွင်း လူကုန်ကူးခံရခြင်းမျိုးလည်း မကြုံတွေ့ရပါ။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး၊ နာရေးလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးများမှာလည်း ကျား/မ တန်းတူပင် ဖြစ်ပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျေးရွာ၏လုပ်အားပေးလုပ်ငန်းများတွင်လည်း အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

နှစ်အလိုက်စီမံချက်လုပ်ငန်းများ

နောင်မွန်းကျားရွာ၊ နန်းပင်းကျားရွာအုပ်စု၊ ကလေးဝမြို့နယ်

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာတွင်း လမ်းခင်းခြင်း	၁	၁	၂	၃	၄	၅
၂	ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း	၂	-	-	-	-	-
၃	လျှပ်စစ်မီးသွယ်တန်းခြင်း	၃	-	-	-	-	-
၄	ကျေးရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း	၄	-	-	-	-	-
၅	ရေကာတာတည်ဆောက်ခြင်း	၅	-	-	-	-	-

နောင်မွန်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	ကား/ဆိုင်ကယ် သွားလာရန်ခက်ခဲခြင်း	လမ်းမကောင်းခြင်း	သဲ၊ကျောက်များ ရရှိနိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ကျေးရွာတွင်းလမ်း ခင်းခြင်း
၂	လူစုလူဝေးများ မပြုလုပ်နိုင်ခြင်း	အစည်းအဝေးပြုလုပ်ရန် ခန်းမဆောင်မရှိခြင်း	မြေနေရာနှင့် သစ်များရရှိနိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ခန်းမဆောင် ဆောက်လုပ်ခြင်း
၃	ကျောင်းသား များစာဖတ်ရန် ခက်ခဲခြင်း	မီးလင်းရေးရရှိနိုင်ရေး	ကျေးရွာတွင် ကျောင်းသား/သူ များ ပေါများခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	လျှပ်စစ်မီး သွယ်တန်းခြင်း
၄	သောက်သုံးရေ သန့်ရှင်းမှု မရှိခြင်း	သန့်ရှင်းသော သောက်သုံးရေ ရရှိရန်	စိမ့်စမ်းရေမှ ရေလုံလောက်စွာ ရရှိနိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ရေပိုက်လိုင်း သွယ်တန်းခြင်း
၅	ရေတိုက်စား သဖြင့် ကမ်းပါး ပြိုခြင်း	ရေကာတာဆောင်ရွက်လိုခြင်း	သဲ၊ကျောက်များ ရရှိနိုင်ခြင်း	နည်းပညာနှင့်ငွေ ကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနမှ ကူညီဖြေရှင်းပေးခြင်း	ရေကာတာ တည်ဆောက်ခြင်း

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
အခြေခံအဆောက်အဦး	ကျေးရွာတွင်း လမ်းခင်းခြင်း	၉၀	၁	ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း	ကျေးလက်ဦးစီး
အခြေခံအဆောက်အဦး	ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း	၈၅	၂	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	။
မီးလင်းရေး	လျှပ်စစ်မီးသွယ်တန်းခြင်း	၇၅	၃	လျှပ်စစ်မီးသွယ်တန်းခြင်း	။
ရေပေးရေး	ကျေးရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း	၆၀	၄	ကျောင်းဆရာနေအိမ်တည်ဆောက်ခြင်း	။
အခြေခံအဆောက်အဦး	ရေကာတာတည်ဆောက်ခြင်း	၅၃	၅	ကျေးရွာတွင်း လမ်းခင်းခြင်း	။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅	၁၀	၁၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈	၁၃	၂၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၅	၁၀	၂၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၉	၁၁၁	၂၂၀
၆၅ နှစ် အထက်		၁၃	၆	၁၉
စုစုပေါင်း		**၁၅၃**	**၁၅၃**	**၃၀၆**
စုစုပေါင်း အိမ်ထောင်စု -၆၉		**ပျမ်းမျှလူဦးရေ - ၄.၄၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော လူဦးရေသည် အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေသည် တူညီမှုရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးရှိပါသည်။

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၄၅	၇၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၁၂	၂၀		မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓါတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂		မြင့် ☐ လတ်☑ နိမ့်☐

	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ – လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၃	၃		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				

	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				☒
	အလုပ်သမား/ ကျပန်း/ ရာသီအလိုက် အလုပ်သမား	၁၂	၂၀		

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐နိမ့် ☐
	စုစုပေါင်း	**၅၇**			☒

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရ လုပ်ငန်းများလည်း အသင့်အတင့်လုပ်ကိုင်ကြပါသည်။

ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အမျိုးသားများသည် ပျိုးနှုတ်ချိန်၊ စပါးရိတ်သိမ်းချိန်များတွင် နေ့စားခအများဆုံးနှုန်းထား (၈၀၀၀)ကျပ်ထိ ရရှိနိုင်ကြပါသည်။ အမျိုးသမီး များသည် ကောက်စိုက်ချိန်တွင် နေ့စား (၆၀၀၀)ကျပ်ထိ ရရှိကြပြီး ပဲနှုတ်ချိန်တွင် နံနက်ခင်းတပိုင်းထဲ၌ (၃၀၀၀)ကျပ်ထိ ရရှိနိုင်ကြပါသည်။

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၆၃	**ကောင်း** ☐ **သင့်** ☑ **ညံ့** ☐
ယာမြေ / တောင်ယာမြေ	၃၀	**ကောင်း** ☐ **သင့်** ☑ **ညံ့** ☐
ဥယျာဉ်ခြံမြေ		**ကောင်း** ☐ **သင့်** ☐ **ညံ့** ☐
ကိုင်း/ကျွန်းမြေ		**ကောင်း** ☐ **သင့်** ☐ **ညံ့** ☐
ခနိတောမြေ		**ကောင်း** ☐ **သင့်** ☐ **ညံ့** ☐
စားကျက်မြေ		**ကောင်း** ☐ **သင့်** ☐ **ညံ့** ☐
မြေလွတ် မြေလပ်		**ကောင်း** ☐ **သင့်** ☑ **ညံ့** ☐

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စုစုပေါင်း	၁၉၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ(၁၉၃)ဧကော ပိုင်ဆိုင်မှုရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑နည်း ☐မရှိ ☐	လွယ် ☑ ခက် ☐သုံးမပြုနိုင်ပါ ☐

၂၁

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတောင်ဘက်ရှိ ချောင်းထဲတွင် သဲ၊ ကျောက်စရစ်များ လွယ်ကူစွာရနိုင်ပြီး၊ သဘာဝ ဆေးဘက်ဝင်အပင်များလည်း အသင့်အတင့်ရရှိနိုင်ပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကမှ ၁၂ဧကထိ	၆ ဧကမှ ၉ဧက ထိ	၂ ဧကမှ ၄ ဧကထိ	လယ်ယာမြေ ပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်၊ တိုက်ခံ	ပျဉ်ကာ(၂)ထပ်	သစ်ကာ၊ သွပ်မိုး	ကပ်ကာသွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ခြေလှေ ဆိုင်ကယ်၊ TV၊	ထွန်စက် ဆိုင်ကယ်၊ ၊ နွား၊ ဝက်	ဆိုင်ကယ်၊ လှည်း၊စက်ဘီး၊ ဝက်	ကြက်၊ ဝက်၊ စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူလေး	ကျပန်း
အိမ်ထောင်စု (၅၇)	၆	၁၃	၂၆	၁၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုများရှိကြပြီး ဥစ္စာဓနအဆင့် အခြေအနေ အသင့်အတင့်ရှိကြပါသည်။

၂၂

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စု ပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လ အောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြေမှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုရှိကြပါသည်။

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြစ်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော ထိခိုက်လွယ်သောအိမ်ထောင်စုများ မရှိပါ။

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်လွယ်မှုအခြေအနေများနည်းပါးပြီး မိုးတွင်း၌ တစ်ခါတစ်ရံ ချောင်းရေနှင့် မြစ်ရေကြီးမှုကြောင့် ရွာတွင်းသို့ ဝင်ရောက်နိုင်ပြီး ကမ်းပါးပြိုခြင်းများဖြစ်လေ့ရှိပါသည်။

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ နိမ့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စ	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု

ဦ	အမည်	(မှန်ရာတစ်ခု ကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	(မှန်ရာတစ်ခုကို သာ ရွေးရန်)
၁	ဂေါပကအဖွဲ့	၁ ၂ ၃☐ ✔	၈	-	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐သင့် ✔ ညံ့ ☐
၂	အမျိုးသမီး အဖွဲ့	၁☐ ၂ ✔ ၃ ☐	-	၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ ညံ့ ☐
၃	အမျိုးသားအဖွဲ့	၁☐ ၂ ✔ ၃☐	၁၃	-	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐သင့် ✔ ညံ့ ☐
၄		၁☐ ၂ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၅		၁☐ ၂ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း☐သင့် ✔ ညံ့ ☐

စ	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု

ဦ	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆		၁☐ ၂☐ ၃				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐သင့် ✔ ညံ့ ☐
၇		၁☐ ၂☐ ၃				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၈		၁☐ ၂☐ ၃				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐သင့် ✔ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘာသာရေးအဖွဲ့(၁)ဖွဲ့နှင့် လူမှုရေးဖွံ့ဖြိုးရေးအဖွဲ့(၂)ဖွဲ့တို့ရှိကြပြီး အဖွဲ့အစည်းအလိုက် ဆောင်ရွက်မှုများ အသင့်အတင့် ကောင်းမွန်ကြပါသည်။

ဧယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)
၁	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ် ဖောင်ဒေး ရှင်း၊ Christian Aid Missions စသည်)

၂၈

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pace Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၅၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်)။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများ အသင့်အတင့် ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စုများသည် အခြားဝင်ငွေရလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မှုရှိကြပါသည်။

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်	ရှိ မရှိ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ □ မရှိ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်	ရှိ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

